ကိန္နရီလစဉ်

# မင်းမြတ်သူရ

ဆားပုလင်းမင်းအောင် နှင့်
ပဉ္စမမြောက်မိုးနတ်မယ်




တစ်နေ့သ၌ကျွန်ုပ်တို့စုံထောက်ကျော်များသည်အင်းစိန်စီအိုင်ဒီရုံးအနီးတွင်ထိုင်လျက်ရောက်တတ်ရာရာစကားများကိုပြောဆိုနေကြစဉ်စုံထောက်ဦးပေါ်ကြီးသည်ဓာတ်ပုံတစ်ပုံကိုကိုင်၍ရောက်ရှိလာပြီးလျှင်ဓာတ်ပုံကိုစားပွဲပေါ်သို့ချကာ..
ဒီဓာတ်ပုံထဲကမိန်းမဟာထူးခြားလှချည်လားကြည့်စမ်းပါဦးဗျာကျုပ်တော့ကြည့်ရင်းကြည့်ရင်းနဲ့သူ့ကိုစွဲလမ်းလာသလိုပဲ
ဟုပြောလေရာကျွန်ုပ်တို့စုံထောက်ကျော်များသည်စားပွဲပေါ်တွင်တင်ထားသောဓာတ်ပုံကိုခေါင်းချင်းဆိုင်၍စိတ်ဝင်တစားကြည့်ရှုကြလေ၏။ဓာတ်ပုံထဲတွင်မြင်ရသောပုံမှာချောမောလှပ၍ညို့အားကောင်းသောမိန်းမတစ်ယောက်သည်လွန်စွာကြီးမားသောဆိုဖာကြီးပေါ်တွင်လဲလျောင်းနေပြီးသူမ၏ခြေရင်းတွင်ဝပ်ဆင်းနေသောခွေးကြီးတစ်ကောင်ကိုလည်းတွေ့ရ၏။ဓာတ်ပုံထဲတွင်သူမ၏အမည်ကိုMADAME SARAYဟုရေးသားထားကြောင်းတွေ့ရ၏။ထို့ကြောင့်ကျွန်ုပ်ကစုံထောက်ဦးပေါ်ဦးအားလှည့်၍....
နေပါဦး ဒီပုံကိုခင်ဗျားဘယ်ကရလာတာလဲ..


ဦးပေါဦးကနှုတ်ခမ်းကိုလက်ညိုးနှင့်ကပ်၍...
ရှူးတိုးတိုး ကျုပ်ရေအိမ်သွားရင်း မင်းကြီးရုံးခန်းဝမှာကျ နေတာမြင်လို့ကောက်လာခဲ့ တာ၊တန်တော့ဒါဟာမင်း ကြီးရဲ့ရည်းစားဟောင်းနဲ့ တူတယ်..
ဟုပြောလေရာကျုပ်ကဓာတ်ပုံကိုတစ်ချက်ကြည့်၍ခေါင်းခါရမ်းကာ..
မဖြစ်နိုင်ဘူး ကျုပ်တို့မင်းကြီးဟာ ဒီလောက်စွံ့မယ်မထင်ဘူး နောက်ပြီးမနှစ်ဆာရာဆို တဲ့ဓာတ်ပုံထဲကမိန်းမချော အကြောင်းကိုကျုပ်တစ်နေ ရာမှာသိဖူးကြားဖူး သလိုပဲ
ဟုဆိုလေရာစုံထောက်ဦးပေါဦးကဓာတ်ပုံကိုတစ်ချက်ကြည့်ပြန်ပြီး
ဒီမှာဟေ့လူ မင်းကြီးနဲ့မပတ်သက် ဘဲကြီးသွားလေရာယူသွား မလားဗျာသူ့အဆက်ဟောင်း မို့လို့ဒီလောက်တောင် ဖြစ်နေတာပေါ့ဗျ


ဟုဆိုလေ၏။ဆရာပွဆိုသောစုံထောက်ကြီးကလည်းတရွတ်ရွတ်နှင်းပြန်၏။စုံထောက်ဦးပေါ်ဦးကတို့အမူအရာကိုကြည့်၍အမြင်ကတ်ဟန်ဖြင့်...
ဟော့လူတွေ အသက်လည်းကြီးနေပြီ ဝါသနာကိုမဖျက်နိုင်သေးဘူးလား....ဆရာပွဆိုရင်မြေးတောင်ချီနေပြီစိတ်ကိုထိန်းပါဦး...
ထိုအခိုက်မှာပင် ကျုပ်တို့အနီးသို့ ဆားပုလင်းမင်းအောင်ရောက်ရှိလာပြီး စားပွဲပေါ်သို့ အကြည့်ရောက်ကာ..
မိုးနတ်မယ်ရဲ့ပုံပါလားတန်တော့ ခင်ဗျားတို့ဒီပုံကိုမင်းကြီးရဲ့ရုံးခန်းကကောက်ရလာတယ်ထင်တယ်
ဟုပြောလေရာစုံထောက်ဦးပေါ်ဦးကခေါင်းညိတ်၍..
အစစ်ပါပဲဗျာ ကျုပ်ရေအိမ်သွားရင်းနဲ့ မင်းကြီးရုံးခန်းဝမှာကျနေလို့ ရုံးခန်းမှာမရှိတော့ဘူးကိုစိန်မြင့်တို့ကိုတင်လှတို့အရက်မရှိ ဖြစ်နေတာမပြောချင်ပါဘူး....ကိုမင်းအောင်ရယ်ဟောဒီဓာတ်ပုံထဲကမိန်းမကို တရွတ်ရွတ်နမ်းနေကြတယ်..


ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယားမှတ်ဆိတ်စီးကရက်ကို ထောက်ခနဲမီးညှိ၍ ဖွာရှိုက်လိုက်ပြီး
တကယ်တော့ မိုးနတ်မယ်ကိုမြင်ပြီး ဒီလိုဖြစ်တာကိုစိန်မြင့်တို့လူစုကိုအပြစ်မတင်လိုပါဘူး...ဘာဖြစ်လို့လဲဆိုတော့လွန်ခဲ့တဲ့နှစ်ပေါင်း(၇၀)လောက်ကကမ္ဘာပေါ်မှာရှိတဲ့ပုရိသယောကျ်ားအားလုံး.....မိုးနတ်မယ်ကိုမြင်ရင်ဒီလိုဖြစ်ခဲ့ရတာပါပဲ၊တကယ်တော့မိုးနတ်မင်းဟာပုရိသယောကျ်ားတို့အတွက်လက်ဆောင်အနေနဲ့ဘုရားသခင်ကချီးမြှင့်ခဲ့တယ်လို့တောင်တင်စားခေါ်ဝေါ်ခဲ့ကြတယ်
ဟု ပြောလေရာ...ကျွန်ုပ်တို့စုံထောက်ကျော်များသည်ဆားပုလင်းမင်းအောင်၏စကားကိုလွန်စွာစိတ်ဝင်စားသွားလေ၏။ဆားပုလင်းမင်းအောင်ကဆက်လက်၍...
သူ့ရဲ့အမည်ရင်းကဆာရာတန်းနတ်လို့ခေါ်တယ်၊ဒါပေမဲ့(၁၉)ရာစုကုန်ဆုံးကာနီးလောက်ကသတင်းစာဆရာ ၊ မဂ္ဂဇင်းဆရာ၊ဂျာနယ်ဆရာတွေအားလုံးသူ့ကိုမိုးနတ်မယ်(DIVIEN SANAH)လို့တင်စားခေါ်ဝေါ်ခဲ့ကြတယ်၊ယနေ့ကမ္ဘာပေါ်မှာကျော်ကြားတဲ့ညို့မင်းသမီး ၊ အားလုံးထက်သူကပိုကျော်ကြားတယ်..
၅


သူ့ကိုကမ္ဘာ့ပေါ်က သတင်းစာကြီးတွေကပုရိသ တို့ရဲ့အသည်းစွဲမင်းကြိုက်စိုးကြိုက် ကာလသားတို့နဲ့လားလားမှမထိုက် ဆိုပြီးတင်စားခေါ်ဝေါ်ခဲ့ကြတယ်...အဲဒီ ခေတ်ကပါရီ၊လန်ဒန်၊နယူးယောက်၊ မော်စကိုတို့မှာထုတ်ဝေတဲ့မဂ္ဂဇင်း၊ဂျာနယ် သတင်းစာမှန်ရင်သူ့အကြောင်းမပါ ရင်မပြည့်စုံသလိုဖြစ်သွားတယ် မိုးနတ်မင်းရဲ့
လှုပ်ရှားသွားလာ ပုံပြောသမျှဆိုသမျှအားလုံး ကိုတခမ်းတနားနဲ့ဖော်ပြလေ့ရှိ တယ်၊မိုးနတ်မင်းဆာရာနဲ့ရေမွှေး မိုးနတ်မယ်ဆာရာရဲ့စီးကရက်မျက်မှန် မိတ်ကပ်၊စီးကရက်သောက်ဟန်၊ သွားလာဟန်တွေကိုအလု အယက်ဖော်ပြကြတယ်..
ဟုပြောလေရာစုံထောက်ဦးပေါ်ဦးက အဟောင်းသားနှင့်နားထောင်၍..
ဒါဆိုရင် ဒီမိန်းမဟာအတော် ခမ်းနားကြီးကျယ်ခဲ့တာပေါ့
မိုးနတ်မယ် အမေရိကန်ကိုအလည် အပတ်ရောက်တော့လည်းအံ့သြ ဖွယ်ကောင်းလောက်အောင်အကြီး အကျယ်ကြိုဆိုခဲ့တဲ့အတွက်ကမ္ဘာ့ သတင်းစာကြီးတွေကတောင် တခမ်းတနားရေးသားခဲ့ ကြတယ်..
၆
ဟုမှတ်ချက်ချလေ၏။ဆားပုလင်းမင်းအောင်ကခေါင်းညိတ်၍..


ဟုပြောလေရာ...စုံထောက်ဦးပေါ်ဦးက မိုးနတ်မယ်ဆရာ၏ဓာတ်ပုံကိုကြည့်ကာ သက်ပြင်းကိုချလိုက်ပြီး...
အတော့်ကို ညို့အားကောင်းတဲ့မိန်းမ ပါပဲဗျာ ရေးဘဝကပါရမီ ထူးခဲ့တယ်ထင်ပါ့..
ဟုမှတ်ချက်ချလေ၏။ဆားပုလင်း မင်းအောင်ကခေါင်းညိတ်၍..
ညို့အားကောင်း တာတော့မပြောနဲ့ဗျို့..ကမ္ဘာ့ ကျော်ဂမ္ဘီရပညာရှင်ဆရာကြီးကိုင်ရို တောင်မှမိုးနတ်မယ်ရဲ့အလှကိုမြင်တော့ မင်သက်သလိုဖြစ်သွားပြီးတုန်လှုပ်ချောက် ချားခဲ့ရတယ်လို့ဆရာကြီးရဲ့ကိုယ်ရေး အတ္ထုပ္ပတ္တိမှာဖော်ပြထားတယ်....ကမ္ဘာ့ကျော် သတင်းစာကြီးတွေကဆရာကြီးကိုင်ရိုနဲ့ မိုးနတ်မယ်ဟာရင်းနှီးမှုလွန်ကဲကြ တယ်ဆိုပြီးစွပ်စွဲရေးသားကြတယ် ဆရာကြီးကိုင်ရိုနဲ့...
မိုးနတ်မယ်ဆရာ စတွေ့ပုံကလည်းထူးဆန်းတယ်ဗျ။တစ် နေ့ဆရာကြီးကိုင်ရိုဟာပါရီမြို့ဆင်ခြေဖုံးရပ်ကွက ကအိမ်တစ်အိမ်မှာရောက်နေတုန်းအနက်ရောင်ဝတ်စုံကိုခြုံ ထားတဲ့အမျိုးသမီးတစ်ယောက်ရောက်လာတယ်ဆရာကြီးကလ က္ခဏာစစ်ဆေးဖို့အမျိုးသမီးရဲ့လက်ကိုကြည့်လိုက်တဲ့အခါမှာနူး ညံ့သိမ်မွေ့လွန်းလို့ စိတ်လှုပ်ရှားခဲ့ရတယ်၊ဆရာကြီးက သူမရဲ့လက္ခဏာကိုကြည့်ပြီးကမ္ဘာ့ပေါ်မှာအနုပညာ နဲ့အောင်မြင်မှုအထွတ်အထိပ်ရောက် ပြီးကမ္ဘာ့မြေအနှံ့ခရီးလှည့် လည်ရမဲ့အကြောင်း


နောက်ဆုံးမှာဝမ်းနည်း
ကြေကွဲမှုနဲ့ အဆုံးသတ်ရမဲ့
အကြောင်းခုနစ်နဲ့ တကွဒိုးဒိုး
ဒေါက်ဒေါက်ဟောလိုက်တဲ့အခါမှာအင့်ခနဲ
ငိုရှိုက်သံကိုကြားလိုက်ရပြီးဝတ်ရုံကိုဖွင့်လိုက်
သောအခါကမ္ဘာကျော်ညို့မင်းသမီးပုရိသ
တို့ရဲ့အသည်းစွဲဆရာအန်းနက်ဖြစ်နေတာ
မြင်တော့ဆရာကြီးဟာအသက်ရှူမှားလောက်
မတတ်ခံစားခဲ့ရကြောင်းသူ့ရဲ့ကိုယ်ရေး
အတ္ထုပ္ပတ္တိစာအုပ်မှာဖော်ပြထားတယ်
ဒီအချိန်ကစပြီးဆရာကြီးကိုင်ရှိန်နဲ့
မိုးနတ်မယ်ဆရာအန်းနက်ဟာ..
တတွဲတွဲဖြစ်တော့
တာပဲ မိုးနတ်မင်းဟာပြဇာတ်
သရုပ်ဆောင်တာအောင်မြင်ခဲ့တာ
မဟုတ်ဘူး၊ပန်းချီဆရာ၊ပန်းပုဆရာ ၊
စာရေးဆရာအနေနဲ့လည်းအောင်မြင်ခဲ့တယ် ၊
ကမ္ဘာကျော်စာရေးဆရာကြီးအော်စကာဝိုင်းနဲ့
လည်းငြိစွန်းခဲ့သေးတယ်၊ကမ္ဘာကျော်စာရေး
ဆရာကြီးအိုင်မင်ဝေါလေရဲ့ BOOK OF LIST
စာအုပ်မှာ မိုးနတ်မယ်ရဲ့ချစ်သူပေါင်း
(၁၀၀၀)ကျော်ရှိခဲ့တယ်လို့ ရေးသား
ဖော်ပြခဲ့တယ်..
အားပါးပါး
မနည်းမနောပါလား ဗျ
အင်းပေါ့လေ၊ဒီလောက်ချော
ပြီးအမည်သတင်းကျော်ကြား
နေမှတော့တပ်မက်စွဲလမ်းသူ
တွေများပေမပေါ့


ထိုအခါ ကျွန်ုပ်က
ကျွန်ုပ်တို့ မင်းကြီးတောင် မိုးနတ်မယ်ကိုစွဲလမ်းပြီး အိတ်ထဲမှာ ဓာတ်ပုံဆောင်ထားတာ ကြည့်ဗျာ
ဟု ပြောလေ၏ ။ ဆားပုလင်း မင်းအောင်က ဆက်လက်၍
မိုးနတ်မယ် ဆာရာဘားနက်ဟာငယ်ရွယ်စဉ်ကသူမတူအောင်ကျော်ကြားသလောက်အသက်ကြီးလာတဲ့အခါ ကြေကွဲဝမ်းနည်းမှုနဲ့အဆုံးသတ်ခဲ့ရတယ် ၊ ဆရာကြီးကိုင်ရိုရဲ့ဟောပြောချက်တွေက မှန်ကန်နေတာပေါ့ မိုးနတ်မင်းဟာအသုံးအစွဲအလွန်ကြီးတဲ့အတွက်ကြွေးဆတွေဝိုင်းဝိုင်းလည်ပြီးသူသေဆုံးသွားတဲ့အခါသူ့ရဲ့ပိုင်ဆိုင်မှုတွေကိုကြွေးရှင်တွေကသိမ်းယူခဲ့ကြတယ်..
ဟုပြောဆိုကာသူ၏စကားကိုအဆုံးသတ်လိုက်လေ၏ ။ထိုအခိုက်မှာပင်အင်းစိန်စိအိုင်ဒီရုံးအတွင်းသို့မင်းကြီး၏ကားဝင်ရောက်လာသဖြင့်စုံထောက်ဦးပေါဦးက...ထိုင်နေရာမှထကြည့်ပြီးအထိတ်တလန့်ဖြင့်..
ဟိုက်...စုံထောက် မင်းကြီးကားပြန်လာပြီ.. သူ့ရဲ့ မိုးနတ်မယ်ဓာတ်ပုံပျောက်လို့ ပြန်ရှာပြီနဲ့တူတယ်...ကျုပ်တို့ဝိုင်းကြည့်နေတာမြင်ရင် မင်းကြီးတော့ ရှက်ရမ်းရမ်းတော့မှာပဲ
၉


ဟုရေရွတ်လေ၏ ။ကျွန်ုပ်တို့စုံထောက်ကျော်များသည်စားပွဲခုံပေါ်ရှိသောမိုးနတ်မယ်ပုံကိုကြည့်၍လှုပ်လှုပ်ရှရှဖြစ်သွားလေ၏ ။ထိုအခါစုံထောက်ကိုစိန်မြင့်က..
ခတ်ပုံ ကြည့်တဲ့အထဲမှာကျုပ် မပါဘူးဗျို့ကျုပ်တော့ သွားပြီ..
ဟုဆိုကာစကားဝိုင်းမှပြေးလေ၏ စုံထောက်ကိုတင်လှကလည်းတစ်ကိုယ်ကောင်းဆန်သူပီပီ
ကျုပ်လည်း မပါဘူးဗျို့ သွားပြီ..
ဟုဆိုကာစကားဝိုင်းမှထပြေးလေ၏ ။ထိုအခါဆရာပွကြီးကလည်းစုံထောက်ကိုစိန်မြင့်တို့လမ်းစဉ်အတိုင်းကျွန်ုပ်တို့ရှေ့မှလစ်ပြေးလေ၏...ဦးပေါ်ဦးကြီးသည်စုံထောက်ကိုစိန်မြင့်တို့လူစုကိုဒေါသတကြီးကြည့်၍..
ဒီလူတွေ အတော်အကျင့်ယုတ်တဲ့ လူတွေစောစောတုန်းကတော့ မိုးနတ်မယ်ရဲ့ခတ်ပုံကိုတရွတ်ရွတ်နဲ့မရှက်မကြောက်နမ်းနေလိုက်တာမင်းကြီးပြန်လာတော့ မှတစ်ယောက်ပြီးတစ်ယောက် ထွက်ပါဦး...


ဒီလောက်လည်း မကြောက်ပါနဲ့.. ကဲ ဒီဓာတ်ပုံကို ကျွန်တော့်ပေး
ဟုဆိုကာဓာတ်ပုံကိုယူ၍သူ၏အိတ်ထဲသို့ထည့်လိုက်လေ၏။ထိုအချိန်တွင်စုံထောက်မင်းကြီးသည်ကျွန်ုပ်၏အနီးသို့ရောက်လာပြီး
အလွန်အရေးကြီးတဲ့ကိစ္စတစ်ရပ်ပေါ်လာလို့စုံထောက်တွေအားလုံးကျုပ်ရုံးခန်းထဲကို ယခုပဲလာကြပါ
ကျွန်ုပ်တို့စုံထောက်ကျော်များသည်မင်းကြီးရုံးခန်းသို့ရောက်သောအခါမင်းကြီးက..
ဒီနေ့.. နေ့လယ်တုန်းက ရုံးကနေကမန်းကတန်းထွက်သွားရာကနေကျုပ်မိတ်ဆွေကုလားသူဌေးကြီးမစ္စတာရာဘီရဲ့အိမ်မှာအလွန်ကြောက်ဖို့ကောင်းတဲ့မှုခင်းကြီးတစ်ခုဖြစ်ပေါ်ခဲ့လို့ပဲ..
ကျုပ်မိတ်ဆွေ မစ္စတာရာဘီဟာမင်္ဂလမ်းမှာရှိတဲ့သူ့ရဲ့ရုံးခန်းကိုထွက်သွားချိန်မှာမစ္စတာရာဘီရဲ့ဇနီးနဲ့သမီး(၃)ယောက်ကျန်ခဲ့ပါတယ်၊ဒီအချိန်မှာမျက်နှာဖုံးစွပ်လူဆိုးတွေဟာကားတစ်စီးနဲ့ရောက်လာပြီးကုလားသူဌေးကြီးရဲ့အိမ်ကိုရောက်လာပါတယ်...၊ပြီးတော့ရွှေငွေနဲ့လက်ဝတ်ရတနာတွေကိုဓားပြတိုက်ပြီးမစ္စတာရာဘီရဲ့အငယ်ဆုံးသမီးလေးကိုဓားစာခံအဖြစ်ဖမ်းဆီးသွားပါတယ်..


ဒါကြောင့်ကျုပ် မိတ်ဆွေမစ္စတာရာဘီဟာ သမီးငယ်လေးအတွက်အလွန်စိတ်ထိခိုက်ပြီးကျုပ်ကိုအကူအညီတောင်းနေပါတယ်၊ဒါကြောင့်လူကလေးတို့အားလုံး မစ္စတာရာဘီရဲ့အိမ်ကိုအမြန်ဆုံးသွားပြီး လူဆိုးတွေလက်ထဲကိုပါသွားတဲ့မိန်းကလေးကိုကယ်တင်ပေးကြပါ၊လူဆိုးတွေကိုဖမ်းဆီးပေးကြပါ၊အင်းစိန်စီအိုင်ဒီကို သိက္ခာကျအောင်မလုပ်ကြပါနဲ့..
ဟုအမိန့်ပေးကာကုလားသူဌေးကြီး မစ္စတာရာဘီ၏လိပ်စာပေးလေ၏။ ဆားပုလင်းမင်းအောင်ကစုံထောက်မင်းကြီးလက်ထဲမှလိပ်စာကိုလှမ်းယူလိုက်ပြီး...
မစ္စတာရာဘီရဲ့ ပြဿနာအတွက် စိုးရိမ်သောက မဖြစ်ပါနဲ့ ကျုပ်အမြန်ဆုံး တရားခံတွေကို ဖမ်းဆီးပေးမှာပါ..
မင်းကြီးရဲ့ ရုံးခန်းဝမှာကျနေတာမြင်လို့ကောက်ထားတာပါ မင်းကြီးကဆာရာဘင်းနက်ကိုအတော်စွဲလမ်းတယ်နဲ့တူတယ်..
ဟုပြောရင်းသူ၏အိတ်ကပ်ထဲမှမိုးနတ်မယ်၏ဓာတ်ပုံကိုထုတ်ကာမင်းကြီးကိုကမ်းပေးလေ၏။ မင်းကြီးသည်မိုးနတ်မယ်၏ဓာတ်ပုံကိုကြောင်အမ်းအမ်းကြည့်နေစဉ်ဆားပုလင်းမင်းအောင်က..




ဟုပြောလေတော့၏။ထို့နောက်တွင်မူကျွန်ုပ်တို့စုံထောက်ကျော်များသည်ကုလားသူဌေးကြီးမစ္စတာရာဘိ နေထိုင်ရာဝင်ဒါမီယာဘက်သို့ထွက်ခဲ့လေ၏။စုံထောက်ဦးပေါ်ဦးသည်ဖို့ဒ်ကားစုတ်ကလေးကိုဖြည်းညင်းစွာ မောင်းနှင်၍သွားလာနေစဉ်တွင်စုံထောက်ကိုစိန်မြင့်တို့၏ကားသည်ကျွန်ုပ်တို့၏ကားကိုကျော်တက်သွားလေ၏ ဦးပေါ်ဦးသည်မီးခိုများတထောင်းထောင်းထအောင်မောင်းထွက်သွားသောကားကိုကြည့်၍..




ဟုရေရွတ်လေ၏။ဦးပေါဦး၏
စကားမဆုံးမီကျွန်ုပ်တို့ရှေ့ခပ်
လှမ်းလှမ်းတွင်စုံထောက်ကိုစိန်
မြင့်တို့၏ကားသည်ဖွတ်ချက်
ဖွတ်ချက်မြည်၍ထိုးရပ်သွားလေ
၏...။ဦးပေါဦးက....၎င်းတို့၏
အဖြစ်ကိုကြည့်၍တဟားဟားရယ်
မောကာအနီးသို့ကပ်မောင်းသွား
ပြီး...
ဟော့လူတွေ ဓာတ်ဆီနဲ့ မီးခြစ်ဘူး ယူမလား ဒါမှမဟုတ် ကရိန်းကားလွှတ်လိုက် ရမလား
ဟုနောက်ပြောင်လေရာစုံထောက်ကိုစိန်မြင့်တို့
လူစုသည်မခံချိမခံသာဖြစ်သွားလေ၏။ကျွန်ုပ်
တို့၏ဖို့ဒ်ကားစုတ်ကလေးသည်ဝင်ဒါမီယာ
ဘက်ရှိကြီးမားသောခြံကြီးတစ်ခြံရှေ့သို့ရောက်
သောအခါကားကိုရပ်လေ၏....။ဦးပေါဦးက
ကြီးမားခိုင်ခံ့သောခြံဝင်းတံခါးကြီးကိုကြည့်၍...
ဒီလောက် လုံခြုံပြီး ခိုင်ခံ့တဲ့ခြံဝင်း တံခါးကြီးရှိရက်သားနဲ့ ဓားပြ တိုက် ပြန်ပေးဆွဲရတယ်လို့ ခြံစောင့်တွေမရှိဘူးလား မသိဘူး...
၁၄
ဟုရေရွတ်လေရာကျွန်ုပ်လည်းစုံထောက်ကိုပေါဦးကဲ့သို့ပင်တွေးထင်မိလေ၏။ကျွန်ုပ်တို့ကားသည်
ခြံတံခါးဖွင့်ထားသည်နှင့်ခြံဝင်းထဲသို့မောင်းနှင်ဝင်ခဲ့လေ၏။ခြံဝင်းထဲရှိ ကြီးမားသောအိမ်ကြီး၏ဆင်ဝင်
အောက်တွင်အသက်(၄၀)အရွယ်မြန်မာလူကြီးတစ်ဦးကစောင့်ကြိုနေပြီး၎င်းက...




ဟုပြောဆိုမိတ်ဆက်ရင်းကျွန်ုပ်တို့စုံထောက်ကျော်သုံးဦးကိုအိမ်ကြီး၏ဧည့်ခန်းထဲသို့ခေါ်ဆောင်သွားလေ၏
ဆားပုလင်းမင်းအောင်သည်ကျွန်ုပ်တို့ရှေ့မှဦးဆောင်၍ဝင်သွားပြီးဧည့်ခန်းထဲရှိဆိုဖာပေါ်တွင်ဝင်ထိုင်လေ၏
ကုလားသူဌေးကြီးသည်




ဟုပြောလေ၏။ဆားပုလင်းမင်းအောင်ကသူဌေးနှင့်သူဌေးကတော်ကြီးကိုကရုဏာသက်ဟန်ဖြင့်ကြည့်၍...
ကျွန်တော်နားလည်ပါတယ်၊သိပ်လည်းမစိုးရိမ်ပါနဲ့ ကျွန်တော့်နာမည်ဆားပုလင်းမင်းအောင်ပါ ကြားဖူးတယ်မဟုတ်လား...ကျွန်တော်လိုက်တဲ့အမှုမှန်ရင်မပေါ်ရိုးထုံးစံမရှိသေးပါဘူး..
ဟုပြောလေရာကုလားသူဌေးကြီးနှင့်သူဌေးကတော်ကြီးတို့ သည်စိတ်အားတက်ကြွဟန်ဖြင့်..
ဆားပုလင်းမင်းအောင်ရဲ့နာမည်ကိုကြားဖူးပါတယ် သမီးလေးကိုဆားပုလင်းမင်းအောင် ရှာဖွေရင် အမြန်ဆုံးပြန်တွေ့မယ်လို့ ယုံကြည်ပါတယ်..
ဟုပြောလေ၏။ဆားပုလင်းမင်းအောင်ကမှုခင်းဖြစ်ပွားပုံကိုပြောပါဦးဟုမေးမြန်းလေ၏....။သူဌေးကြီးက..
၁၆







ဟုမေးမြန်းလေ၏ ။ထိုအခါသူဌေးကတော်ကြီးကအနီးတွင်ရပ်နေသောအိမ်ဖော်ကုလားမလေးတစ်ဦးအားကုလားဘာသာဖြင့်တီးတိုးပြောလိုက်ရာဧည့်ခန်းအတွင်းသို့ချောမောလှပသောကုလားမလေး(၂)ဦးဝင်ရောက်လာလေ၏ ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည်ကုလားမလေးများမှာချောမောလှပလွန်းသဖြင့်အသက်ကိုပင်မရှူမိဘဲငေးမောကြည့်နေ၏ ။သူဌေးကတော်ကြီးကဆိုဖာပေါ်တွင်ဝင်ထိုင်သောသမီးနှစ်ယောက်နှင့်ကျွန်ုပ်အားမိတ်ဆက်ပေးလေရာကျွန်ုပ်နှင့်ဦးပေါ်ဦးမှာပျော်တပြုံးပြုံးရှိနေလေ၏ ။ဆားပုလင်းမင်းအောင်ကဓားပြတိုက်ပုံကိုမေးမြန်းလေရာ ကုလားမလေးတစ်ဦးကကျွန်ုပ်တို့ကိုမျက်လုံးရွဲကြီးဖြင့်ကြည့်၍




ဟုမြန်မာစကားမပီတပီဖြင့် ပြောဆိုလေရာကျွန်ုပ်နှင့်စုံထောက်ဦးပေါဦးသည်နားထောင်ကောင်း...၊ ကြည့်ကောင်းလှသဖြင့်အပြန်အလှန်မေးခွန်းထုတ်ရန်ကိုပင်မေ့လျော့နေမိလေ၏။ကုလားမလေးကဆက်လက်၍..
ဓားပြသုံးယောက် ဟာပစ္စည်းတွေလည်းရှာရော အနီးမှာရှိတဲ့ညီမလေးရှဘီကိုချုပ်ကိုင်လိုက်ပါတယ်၊ပြီးတော့ဓားပြတိုက်ခံရတဲ့အကြောင်းပုလိပ်ကိုတိုင်မယ်မကြံနဲ့ သတင်းပေါက်ကြားသွားမယ်ဆိုရင်တော့ ရှဘီကိုသတ်ရမှာပဲဆိုပြီးတော့ဓားစာခံအဖြစ်ဖမ်းဆီးလိုက်ပါတယ်၊ရှဘီကလည်း ကြောက်လွန်းလို့တဆတ်ဆတ်တုန် နေပါတယ်
မာမီကရှဘီကို ဖမ်းမသွားဖို့အကြိမ်ကြိမ် တောင်းပန်ပေမဲ့မရပါဘူး။ဆွိတ်ကို့ ညီအစ်မနှစ်ယောက်ကလည်းရှဘီကို ဖမ်းမသွားဖို့မေတ္တာရပ်ခံခဲ့ပါတယ်
ဟုပြောလေရာဆားပုလင်းမင်းအောင်ကဂျွန်ပလေယားမှတ်ဆိတ်စီးကရက်ကိုပြာခွက်ထဲသို့ထိုးချေလိုက်ပြီး...
ဆွိတ်ကီရဲ့ ညီမလေး ရှဘီဟာ အတော်ထိတ်လန့် တုန်လှုပ် နေသလား..
ဟင့်အင်း ရှဘီဟာသတ္တိရှိတယ် မကြောက်တတ်ဘူး...သူတို့လူဆိုးတွေဖမ်းထားတုန်းကမာမီကိုတောင် နှစ်သိမ့်လိုက်ပါသေးတယ်...လူဆိုးတွေကအိမ်အပြင်ကိုခေါ်ထုတ်မသွားမီမှာ နေပါဦး...ကျွန်မအဝတ်တွေယူခွင့်ပြုပါဆိုပြီးသူ့အိမ်ခန်းထဲကအဝတ်တွေကိုတောင်အိတ်တစ်လုံးနဲ့ယူခဲ့ပါသေးတယ်


ဟုပြောလေရာကျန်သောကုလားမလေး တစ်ယောက်ကဝင်ရောက်၍ထောက်ခံလေ၏။ထိုအချိန်မှာပင်စုံထောက်ကိုစိန်မြင့်တို့ လူစုသည်ကုလားသူဌေးကြီး၏ညွှဲ့ခန်းတွင်းသို့မောကြီးပန်းကြီးနှင့်ရောက်လာလေ၏ ။ ၎င်းတို့သည် စုံထောက်ပညာတွင်ညံ့ဖျင်းသည့်အပြင်ဆားပုလင်းမင်းအောင်ကိုမနာလိုဝန်တိုသူများဖြစ်သဖြင့်ဓားပြမှုကိုဆားပုလင်းမင်းအောင်ကဦးစွာစစ်ဆေးပြီးသဲလွန်စများရရှိမှာကိုလွန်စွာစိုးရိမ်ကြ၏ ။
ထို့ကြောင့်ကုလားသူဌေးကြီးအနီးသို့ကပ်၍ဓားပြမှုအကြောင်းကိုဟိုတစ်ပေါက်သည်တစ်ပေါက်ဝိုင်းဝန်း၍မေးမြန်းကြလေရာမစ္စတာရာဘီနှင့်ဇနီးသည်လွန်စွာစိတ်ညစ်နေလေ၏။ဆားပုလင်းမင်းအောင်ကညွှဲ့ခန်းထဲတွင်ကုလားသိုက်ကျားကိုက်သလိုဆူညံပွက်နေသဖြင့်ကုလားမလေးနှစ်ယောက်ကိုမစစ်ဆေးတော့ဘဲ..
ဒီမှာ ဆွိတ်တီ
ပြန်ပေးဆွဲခံရတဲ့
ရှာဘီရဲ့ အိပ်ခန်းကို
လိုက်ပြပါလား

ဟုဆိုလိုက်ရာကုလားမလေးနှစ်ဦးကဦးဆောင်၍ကျွန်ုပ်တို့အားရှဘီ၏အိပ်ခန်းထဲသို့ခေါ်ဆောင်သွားလေ၏။ ရှဘီ၏အိပ်ခန်းထဲသို့ရောက်သောအခါအခန်းတစ်ခုလုံးမွှေးပွကော်ဇောခင်းကျင်းထားပြီးလွန်စွာအဆင့်မြင့်သောပရိဘောဂပစ္စည်းများဖြင့်အလှဆင်ထားလေ၏။အိပ်ခန်းတစ်ခုလုံးအလွန်မွှေးကြိုင်သောရနံ့လေးသင်းနေလေ၏။ ဆားပုလင်းမင်းအောင်ကရှဘီ၏အဝတ်ဗီရိုကြီးကိုဖွင့်ကြည့်သောအခါလွန်စွာအဖိုးထိုက်သောအဝတ်အစားများကိုတွေ့ရလေ၏။ဆားပုလင်းမင်းအောင်သည်အဝတ်ဗီရိုကြီးရှိအံဆွဲကြီးကိုဖွင့်ကြည့်ပြန်၏။ထို့နောက်ဆွိုတီဘက်သို့လှည့်၍..








ဟုမေးမြန်းလေ၏။ဆွိုတီကခေါင်းခါ၍မရှင်းလင်းကြောင်းဖြေလေ၏။ဆားပုလင်းမင်းအောင်ကခေါင်းတဆတ်ဆတ်ညိတ်၍အိပ်ခန်းထဲမှပြန်ထွက်ခဲ့လေ၏ ။အိပ်ခန်းဝသို့ရောက်သောအခါကုလားမလေးဆွိုတီကဆားပုလင်းမင်းအောင်ကိုမျက်လုံးရွဲကြီးဖြင့်ကြည့်၍..

